UNDP

လူငယ်စီးရီး၊ အစီရင်ခံစာ (၂)

# အနာဂတ်ရပ်တန့်ခံ မျိုးဆက်သစ်

## မြန်မာ့လူငယ်များ၏ အလုပ်အကိုင်နှင့် ပညာရေးအခြေအနေ

အောက်တိုဘာလ၊ ၂၀၂၅



# အစီရင်ခံစာ အနှစ်ချုပ်

လူငယ်စီးရီး၏ ပထမအစီရင်ခံစာဖြစ်သော "ဌာနေဝေးမျိုးဆက်သစ်" စာတမ်းတွင် လူငယ်များ၏ နိုင်ငံရပ်ခြား ရွှေ့ပြောင်းနေထိုင်လိုစိတ်ကို ပုံဖော်ပေးနေသော ဖိအားများအကြောင်း ထင်ထင်ရှားရှား ဖော်ပြထားခဲ့ပြီး ယခု အစီရင်ခံစာတွင်မူ နိုင်ငံအတွင်း လူငယ်များရင်ဆိုင်နေရသော အခြေအနေကို ဗဟိုပြုလေ့လာသုံးသပ်ထားပါသည်။ မြန်မာနိုင်ငံလူဦးရေ၏ သုံးပုံတစ်ပုံကျော်ဖြစ်သော အသက် ၁၅-၃၅ နှစ်အရွယ် လူငယ်များသည်[၁] ပညာရေးနှင့် အလုပ်အကိုင်အတွက် မကြုံစဖူးသော စိန်ခေါ်မှုများကို ရင်ဆိုင်နေရပါသည်။ နိုင်ငံရေးမတည်ငြိမ်မှု၊ စီးပွားရေးကျဆင်းမှုနှင့် လူမှုရေးပြဿနာများကြားတွင် လူငယ်များ၏ သင်ယူမှုနှင့် အလုပ်အကိုင်ရရှိမှု လမ်းကြောင်းများ ဆိုးရွားစွာ ယိုယွင်းလာနေပါသည်။ ယင်းအခြေအနေသည် လူငယ်များစွာကို ပြည်ပသို့ ရွှေ့ပြောင်းရန် တွန်းပို့နေရုံသာမက ၎င်းတို့၏ နိုင်ငံအတွင်း၌ပင် ကိုယ်ပိုင်စွမ်းရည်များကို အကောင်အထည်မဖော်နိုင်ဘဲ ခြေလှမ်းများ ရပ်တန့်ခံနေရပါသည်။ ဤသို့သော အခြေအနေသည် မျိုးဆက်တစ်ခုလုံး၏ အနာဂတ်နှင့် မြန်မာနိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှု အလားအလာကို ခြိမ်းခြောက်လျက်ရှိနေပါသည်။

မြန်မာလူငယ် သဘောထားစစ်တမ်း ၂၀၂၄ (Myanmar Youth Survey 2024) မှ ရရှိသည့် နိုင်ငံလုံးဆိုင်ရာ အချက်အလက်များအပြင် တွေ့ဆုံမေးမြန်းမှုများနှင့် အုပ်စုဖွဲ့ဆွေးနွေးမှုများပေါ်အခြေခံ၍ ဤအစီရင်ခံစာသည် မြန်မာလူငယ်များ၏ ပညာရေးမှ အလုပ်အကိုင်သို့ ကူးပြောင်းသည့် ဖြစ်စဉ်ကို လေ့လာထားပါသည်။ ဒေသအလိုက် ကွာခြားမှု၊ ကျား-မ ကွာခြားမှုနှင့် လူမှုရေးဆိုင်ရာ အချက်အလက် ကွဲပြားမှုတို့သည် မညီမျှမှုနှင့် ကွာဟမှုများကို မည်သို့ ဖန်တီးခဲ့ပုံ၊ လူငယ်များစွာ ကျောင်းများနှင့်အဆက်ပြတ်လာပြီး အလုပ်အကိုင်ဈေးကွက်သို့ ဝင်ရောက်ရန် ရုန်းကန်ရပုံ သို့မဟုတ် ပြည်ပရွှေ့ပြောင်းခြင်းကိုသာ တစ်ခုတည်းသော ရွေးချယ်စရာအဖြစ် ရှုမြင်လာရပုံတို့ကို ရှင်းပြထားပါသည်။

ဤအစီရင်ခံစာသည် မြန်မာနိုင်ငံတွင်း ပညာရေး နှင့် အလုပ်အကိုင်နယ်ပယ်အကြား ချိတ်ဆက်မှု ကင်းမဲ့နေမှုကို ရှာဖွေလေ့လာထားသည်။ လူငယ်လေးပုံတစ်ပုံသည် အလုပ်လက်မဲ့ဖြစ်နေပြီး ကယားနှင့် ရခိုင်ကဲ့သို့ ပဋိပက္ခဒေသများတွင် အလုပ်လက်မဲ့နှုန်း ပိုများလာနေသည်။ အမျိုးသမီးငယ်များသည်လည်း အလုပ်အကိုင်ဈေးကွက်မှ မမျှမတ ဖယ်ကျဉ်ခံနေရပြီး သုံးပုံတစ်ပုံမှာ အလုပ်လက်မဲ့ဖြစ်နေကာ အမျိုးသားများ၏ နှုန်းထားထက် နှစ်ဆကျော် ပိုများလျက်ရှိသည်။ အသက် ၁၈-၂၄ နှစ်ကြား ကျေးလက်နေ လူငယ်ငါးဦးတွင် လေးဦးနီးပါးသည် ပညာရေး သို့မဟုတ် သင်တန်းတစ်ခုခုတွင် တက်ရောက်နေခြင်း မရှိတော့ကြောင်းလည်း တွေ့ရသည်။ အထူးသဖြင့် တနင်္သာရီ၊ ချင်း၊ စစ်ကိုင်းနှင့် ကရင်တို့တွင် စီးပွားရေးဆိုင်ရာ လိုအပ်ချက်များရှိနေခြင်း၊ လုံခြုံမှုမရှိခြင်းနှင့် ပညာရေးကို လက်လှမ်းမမီဖြစ်

---

[၁] မြန်မာနိုင်ငံ၏ သတ်မှတ်ချက်နှင့် ၂၀၁၄ သန်းခေါင်စာရင်းအချက်အလက်များအရ အသက် ၁၅-၃၅ နှစ်အရွယ်များကို လူငယ်ဟု သတ်မှတ်ပါသည်။ သို့ရာတွင် ဤအစီရင်ခံစာ၏ ရည်ရွယ်ချက်အတွက် အသက် ၁၈-၃၅ နှစ်အရွယ်များကိုသာ အဓိကထား၍ ခွဲခြမ်းစိတ်ဖြာထားပါသည်။ ဤအသက်အပိုင်းအခြားအတွင်းတွင် အုပ်စုခွဲနှစ်ခုကို ခွဲခြားနိုင်သည်။ ၎င်းတို့မှာ ပညာရေးမှ အလုပ်အကိုင်သို့ ကူးပြောင်းနေသော လူငယ် (၁၈-၂၄ နှစ်) နှင့် အရွယ်ရောက်ပြီးသူအခန်းကဏ္ဍတွင် ပိုမိုအခြေကျနေသော လူငယ် (၂၅-၃၅ နှစ်) တို့ဖြစ်သည်။ အခြားအချက်အလက်များတွင် သီးခြားဖော်ပြခြင်းမရှိပါက၊ ဤအစီရင်ခံစာတွင် "လူငယ်" ဟု ဆိုသည့်အခါ အသက် ၁၈ နှစ်မှ ၃၅ နှစ်အတွင်း ကို ရည်ညွှန်းထားခြင်း ဖြစ်သည်။

စေသော အတားအဆီး တို့သည် လူငယ်များအား ကျောင်းမှ နှုတ်ထွက်ရန် တွန်းအားပေးလျက်ရှိသည်။ ထို့အပြင် ဖြေဆိုသူအမျိုးသမီး လေးပုံတစ်ပုံနီးပါးသည် အိမ်တွင်းတာဝန်များ လုပ်ဆောင်ရခြင်းသည် ပညာရေးမှ ထွက်ခွာရခြင်း၏ အကြောင်းရင်းဖြစ်ကြောင်း ဖော်ပြကြသည်။ ထိုသို့ဖြေဆိုသူမှာ အမျိုးသားများတွင် ငါးရာခိုင်နှုန်းသာရှိပြီး အမျိုးသမီး နှုန်းထားနှင့် နှိုင်းယှဉ်လျှင် အလွန်ကွာခြားသည်။

အဆင့်မြင့်ပညာ အောင်မြင်ထားသူများသည် လစဉ် ၅၄၃,၉၁၂ ကျပ် (၁၂၄ ဒေါ်လာခန့်)[၂] ရရှိကာ အတန်းပညာနည်းပါးသူများ (တစ်လဝင်ငွေ ၃၅၄,၉၇၉ ကျပ်၊ ၈၁ ဒေါ်လာခန့် ) နှင့် နှိုင်းယှဉ်ပါက ဝင်ငွေမှာ မြင့်မားလျက်ရှိသော်လည်း ၎င်းတို့၏အလုပ်ရရှိနှုန်းမှာ အလွန်နည်းနေပြီး အထူးသဖြင့် အမျိုးသမီးများကြားတွင် အလုပ်အကိုင်ရရှိမှုနှုန်း ပိုမိုနိမ့်ကျနေသည်ကို တွေ့ရသည်။ အလုပ်မရှိသော လူငယ်အမျိုးသမီးများသည် အဓိကအားဖြင့် မိသားစုစောင့်ရှောက်ရေးနှင့် အိမ်တွင်းတာဝန်များကို (သုံးပုံနှစ်ပုံ နီးပါးခန့်) လုပ်ကိုင်နေရပြီး၊ ထိုသို့ဖြေဆိုမှုသည် အမျိုးသားများထဲတွင် ၂၅ ရာခိုင်နှုန်းသာဖြစ်သည်။ ထိုနည်းတူ လူငယ်အမျိုးသားများ၏ ၄၅ ရာခိုင်နှုန်းသည် ပညာဆက်လက်သင်ယူကြပြီး၊ အမျိုးသမီးများတွင် ၂၅ ရာခိုင်နှုန်းသာရှိသည်။ ၎င်းအခြေအနေသည် အနာဂတ်တွင် ကျား-မအခြေပြုမညီမျှမှုများကို ပိုမို မြင့်တက်စေနိုင်ပါသည်။ ထို့အပြင် အထက်တန်းပညာပြီးဆုံးထားသူ အမျိုးသမီးများ၏ ၄၀ ရာခိုင်နှုန်းသည် အလုပ်မရှိနေသော်လည်း၊ အတန်းပညာနည်းပါးသူများတွင်မူ ၂၇ ရာခိုင်နှုန်းသာ အလုပ်မရှိသည်ကို တွေ့ရသည်။ ဤအချက်က အလုပ်အကိုင်ဈေးကွက်သည် ပညာတတ်လူငယ်များ၊ အထူးသဖြင့် အမျိုးသမီးများကို အဓိပ္ပာယ်ရှိသော၊ တည်ငြိမ်သောအလုပ်များ မဖန်တီးပေးနိုင်သည်ကို မီးမောင်းထိုးပြနေသည်။

လူငယ်အားလုံး၏ ထက်ဝက်နီးပါးသည် အသက်မွေးဝမ်းကျောင်းပညာရပ်ဆိုင်ရာသင်တန်းများ လိုအပ်ကြောင်း ဖော်ပြခဲ့ကြသည်။ အတန်းပညာနည်းပါးသူများနှင့် ကျေးလက်ဒေသ၊ ပဋိပက္ခဒေသများတွင် နေထိုင်နေရသော လူငယ်များကြားတွင် ဤလိုအပ်ချက်သည် သိသိသာသာမြင့်မားနေသည်။ အလုပ်မရှာဖွေနေသူ လူငယ်များအား အိမ်မှုကိစ္စစောင့်ရှောက်ရသောတာဝန်နှင့် အိမ်ထောင်ဖက်၏ သဘောမတူညီမှုတို့က အလုပ်ရှာဖွေရာမှာ အဓိကအားဖြင့် တားဆီးလျက်ရှိသည်။ တနင်္သာရီတွင် အလုပ်မလုပ်သော အမျိုးသမီးများ၏ သုံးပုံတစ်ပုံကျော်သည် ၎င်းတို့၏ အိမ်ထောင်ဖက်က အလုပ်လုပ်ခြင်းမှ တားဆီးထားကြောင်း ဖြေဆိုခဲ့ကြသည်။ လုံခြုံမှုမရှိခြင်းနှင့် အလုပ်အကိုင်အလားအလာများအပေါ် အဆိုးမြင်ခြင်းတို့ကလည်း အလုပ်ရှာဖွေရန် စိတ်ဓာတ်ကျဆင်းမှုဖြစ်လာစေပြီး ထိုအခြေအနေသည် အထူးသဖြင့် ကယား၊ ရခိုင်နှင့် ချင်းတို့တွင် ပိုမိုဆိုးရွားလျက်ရှိသည်။

လူငယ်များ၏ ဝင်ငွေများသည် ညီမျှမှုမရှိသည့်အပြင် တည်ငြိမ်မှုလည်း မရှိပါ။ ပျမ်းမျှလစဉ်ဝင်ငွေသည် ဒေသအလိုက် အလွန်ကွာခြားပြီး တနင်္သာရီတွင် ၆၈၆,၉၂၈ ကျပ် (၁၅၆ ဒေါ်လာခန့်) ရှိသော်လည်း ကယားတွင် ၂၀၈,၀၁၇ ကျပ် (၄၇ ဒေါ်လာခန့်) သာ ရှိသည်။ ပျမ်းမျှအားဖြင့် အမျိုးသမီးငယ်များ၏ ဝင်ငွေမှာ အမျိုးသားများထက် ၂၂ ရာခိုင်နှုန်း လျော့နည်းနေသည်။ လေးပုံတစ်ပုံသော လူငယ်များသည် လွန်ခဲ့သည့် နှစ်နှစ်အတွင်း ၎င်းတို့၏ အဓိကဝင်ငွေရလမ်းကို ပြောင်းလဲခဲ့ရသည်ဟုဆိုသည်။ ၎င်းသည် အလုပ်ထုတ်ခံရခြင်း၊ လုံခြုံမှုမရှိခြင်း သို့မဟုတ် ပုဂ္ဂိုလ်ရေးဆိုင်ရာ အကြောင်းပြချက်များကြောင့်ဖြစ်ပြီး ထိုအခြေအနေသည် အသက်မွေးဝမ်းကျောင်းမှုများ၏ ထိလွယ်ရှလွယ်အခြေအနေကို ဖော်ပြလျက်ရှိနေသည်။ ၁၇ ရာခိုင်နှုန်းသော လူငယ်များသည် အလုပ်လုပ်ကိုင်ခြင်း၊ ပညာသင်ကြားခြင်း၊ သင်တန်းတက်ရောက်ခြင်းတို့တွင် မည်သည့်မျှလုပ်ကိုင်နေခြင်း မရှိသည့် အခြေအနေ (Not in Employment, Education, or Training – NEET) တွင်ရှိနေပြီး ဤနှုန်းထားသည်အထူးသဖြင့် အမျိုးသမီးများကြားတွင် လေးပုံတစ်ပုံအထိ မြင့်တက်လာသည်။ ထို့ပြင် ကျား-မ ကွာခြားမှုနှင့် မသန်စွမ်းမှုတို့သည် NEET အခြေအနေကို ခန့်မှန်းနိုင်သည့် အချက်များပင်ဖြစ်သည်။ အမျိုးသမီးများသည် အမျိုးသားများထက် NEET ဖြစ်နိုင်ချေ သုံးဆကျော် ပိုများပြီး မသန်စွမ်းလူငယ်များသည် မသန်စွမ်းမဟုတ်သောလူငယ်များထက် ဖြစ်နိုင်ချေ နှစ်ဆကျော် ပိုများသည်။ ကယားနှင့် ရခိုင်တို့တွင် NEET နှုန်းထားသည် အမြင့်ဆုံး ဖြစ်သည်ကိုတွေ့ရပြီး၊ ရန်ကုန်တွင်မူ လူငယ်များ၏ မြင့်မားသောမျှော်မှန်းချက်များသည် ပြည့်နှက်နှင့်နေပြီဖြစ်သော အလုပ်အကိုင် ဈေးကွက်နှင့် လျော့ပါးလာသော အခွင့်အလမ်းတို့ကို ရင်ဆိုင်နေရပြီး မြို့ပြပဟေဠိတစ်ခုအဖြစ် တည်ရှိနေသည်။

---

၂ ဈေးကွက်ပေါက်ဈေး ငွေလဲလှယ်နှုန်း ကျပ် ၄၄၀၀ / အမေရိကန်ဒေါ်လာကို အခြေခံထားပါသည်။

ဤစိန်ခေါ်မှုများကြားမှပင် စစ်တမ်းအရ မြန်မာလူငယ်များ၊ အထူးသဖြင့် ကျေးလက်ဒေသတွင် နေထိုင်သူများနှင့် အတန်းပညာနည်းပါးသူများကြားတွင် စွန့်ဦးတီထွင်လိုစိတ်မှာ အားကောင်းလျက်ရှိနေသေးသည်ကို တွေ့ရသည်။ အသက်မွေးဝမ်းကျောင်းသင်တန်းများ ရယူတက်ရောက်လိုစိတ်ကြီးမားမှုသည် လခစားအလုပ်များကို ရှာဖွေရန် ကြိုးပမ်းခြင်းတစ်ခုသာ မဟုတ်ဘဲ၊ လူငယ်များ၏ ကိုယ်ပိုင်လုပ်ငန်းတည်ထောင်လိုခြင်း၊ အသေးစားလုပ်ငန်းနှင့် အလွတ်သဘောစီးပွားရေးလုပ်ငန်းများကို လုပ်ဆောင်လိုခြင်းဟူသည့် စိတ်အားထက်သန်မှုများကိုလည်း သက်သေပြနေသည်။ လူငယ်အများအပြားသည် လိုအပ်ချက်ကြောင့် စွန့်ဦးတီထွင်လုပ်ငန်းရှင်များအဖြစ် ရပ်တည်လာကြရပြီး မိသားစုပိုင်စီးပွားရေးလုပ်ငန်းငယ်များ သို့မဟုတ် အလွတ်သဘောဝန်ဆောင်မှုများကို လုပ်ကိုင်နေကြသည်။

မြန်မာ့လူငယ်များတွင် ရင်းနှီးမြှုပ်နှံခြင်းသည် မဟာဗျူဟာမြောက် ရင်းနှီးမြှုပ်နှံခြင်း တစ်ခုပင်ဖြစ်သည်။ ၎င်းတို့၏ စွမ်းရည်များကို ထုတ်ဖော်ရန်မှာ ပညာရေး သို့မဟုတ် အလုပ်အကိုင် ဖန်တီးပေးခြင်းထက် ပိုမိုလိုအပ်သည်။ စီးပွားရေးနှင့် လူ့အဖွဲ့အစည်းတွင် အပြည့်အဝပါဝင်ခြင်းကို ပိတ်ပင်လျက်ရှိသည့် အတားအဆီးများကိုလည်း ဖယ်ရှားရန် လိုအပ်သည်။ အလုပ်ရှာသူများအဖြစ်သာမက အခွင့်အလမ်း ဖန်တီးသူများအဖြစ်လည်း ထောက်ပံ့ခြင်းအားဖြင့် ဒေသအလိုက် ပြန်လည်ထူထောင်ခြင်း ၊ ခံနိုင်ရည်တိုးမြှင့်ခြင်းနှင့် အားလုံးပါဝင်သော ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်းတို့ကို တွန်းအားပေးနိုင်မည်ဖြစ်သည်။

UNDP

ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်